# မင်းမြတ်သူရ

ပုန်းကျောင်းသူ



စောနောင် တက္ကသိုလ်ဝင်တန်း အောင်မြင်သောအခါ အမျှော်အမြင်ကြီးသော ဖခင်ကြီး၏ ကျေးဇူးကြောင့် ဘိလပ်သို့ သွား၍ ပညာသင်ခွင့်ရခဲ့၏။

စောနောင် ဘိလပ်သို့ ရောက်သောအခါတွင်မူ လန်ဒန် မတ်ထရိတ်ခေါ် ၁၀ တန်းကို သင်ကြားရလေ၏။ လန်ဒန် မတ်ထရိတ်အောင်မြင်သောအခါ ကောလိပ်၌ ကျောက်မျက် ရတနာ အတက်ပညာကို သင်ယူခွင့်ရ၏။ ထိုခေတ်က လန်ဒန်၌ ဝတ်လုံပညာသင်ယူသူ အလွန်များပြားပြီး စောနောင်ကဲ့သို့ ကျောက်မျက်ရတနာအတက်ကို သင်ကြားသူ အလွန်နည်းပါးလှ၏။

ထိုကဲ့သို့ သင်ယူသူနည်းပါးသော ကျောက်မျက်ရတနာအတက်ကို သင်ကြားရခြင်းမှာ စောနောင်၏ ဇာတိမြေသည် မိုးကုတ်ဖြစ်ပြီး စောနောင်၏ ဖခင်ကြီးမှာလည်း မိုးကုတ်မြို့ရှိ ထင်ရှားသော ရတနာကုန်သည် တစ်ဦးဖြစ်သောကြောင့်သာ ဖြစ်၏။

ဤသို့ဖြင့် လန်ဒန်၌ ကျောက်မျက်ရတနာပညာကို သင်ကြားပြီး သုံးနှစ်ပြည့်မြောက်သော နှစ်၌ ဖခင်ကြီး မနာမကျန်းဖြစ်ကြောင်း သံကြိုးစာ ရောက်ရှိလာ၏။

စောနောင်သည် ကျောက်မျက်ရတနာကျောင်း၌ နောက်ဆုံးနှစ်သင်ကြားနေချိန် ဖြစ်သဖြင့် မြန်မာပြည်သို့ ပြန်ရန် ဝန်လေးနေမိ၏။

ထိုအခိုက်မှာပင် ဖခင်ကြီးအသည်းအသန် ဖြစ်နေပြီး စိုးရိမ်ဖွယ်ကောင်းလှသည်ဆိုသဖြင့် ကျောက်မျက်ရတနာကျောင်း မပြီးဆုံးမီ

မြန်မာပြည်သို့ ပြန်ခဲ့ရလေ၏ ။

စောနောင်သည် လန်ဒန်မြို့၌ ကျောက်မျက်ရတနာပညာကို စိတ်ဝင်စားစွာ သင်ယူ နေသဖြင့် မိုးကုတ်မြို့၌ ရှိသော ဖခင်၏ ဖြစ်ကြောင်းစုံလင်ကို သိရှိခြင်းမရှိချေ။

မိုးကုတ်သို့ရောက်သောအခါ ဖခင်ကြီး၏ အဖြစ်ဆိုးကို သိခွင့်ရလေ၏ ။ စောနောင်၏ ဖခင် သည် ကျန်းမာရေး အကောင်းကြီးမှ ရုတ်တရက် ချက်ချင်းရောဂါရလာခြင်းမှာ စိတ်ထောင်းလို့ ကိုယ်ကျေခြင်းကြောင့် ဖြစ်၏ ။

ဖခင်ကြီးသည် အလွန်အရေးအသွေးကောင်းသော ပတ္တမြားကြီးတစ်လုံးကို သူ၏ စည်းစိမ် ဥစ္စာများကို ရင်း၍ ဝယ်ယူပြီး မန္တလေးသို့ ကိုယ်တိုင်သွား၍ တရုတ်ကုန်သည်ထံတွင် ရောင်းခရန် ကြံစည်၏ ။

သို့သော် လမ်းခရီး၌ ဓါးပြများနှင့် တွေ့ပြီး ပတ္တမြားကြီးအပါအဝင် စည်းစိမ်ဥစ္စာများ ဆုံးရှုံးသွားခဲ့၏ ။

ထိုအချိန်မှစ၍ ဖခင်ကြီး စိတ်ထိခိုက်ပြီး အိပ်ရာထဲသို့ လဲသွားခဲ့ခြင်းဖြစ်၏ ။ ထို့နောက် ဖခင် ကြီး၏ ကျန်းမာရေး ပိုမိုဆိုးဝါးလာသဖြင့် လန်ဒန်၌ ပညာသင်ကြားနေသော စောနောင်ကို သံကြိုး ရိုက်လိုက်ခြင်းဖြစ်၏ ။

စောနောင်သည် လန်ဒန်မှ မိုးကုတ်သို့ ခရီးကြမ်းကြီးနှင်ပြီး ပြန်ရောက်လာခဲ့၏ ။

မိုးကုတ်သို့ ရောက်သောအခါ အိပ်ရာထဲတွင် လဲ၍ နောက်ဆုံး အချိန်ရောက်နေသော ဖခင်ကြီးကို တွေ့ရ၏ ။ စောနောင်သည် ပိန်လှီလွန်းသော ဖခင်ကြီးကို စိတ်မကောင်းစွာဖြင့် ကြည့်လိုက်ပြီး

“ ပိန်လိုက်တာ အဖေရယ် ၊ ဘယ်လိုဖြစ်ရတာ လဲဗျာ ”

ဟု မေးမြန်းလိုက်၏ ။

ထိုအခါ ဖခင်ကြီးသည် တုန်ယင်သော လက်များဖြင့် စောနောင်၏ လက်ကို ဆုပ်ကိုင်လိုက်ပြီး

“ အဖေ မနေရတော့ဘူး သားရယ်၊ အဖေရဲ့ ကိုယ်ခန္ဓာကြီး ပျက်စီးသွားသလို အဖေရဲ့ စည်းစိမ်တွေလည်း ဆုံးရှုံးသွားပြီ၊ ငါ့သားရဲ့ ပညာရေးတစ်ပိုင်းတစ်စ ဖြစ်သွားတာ အဖေ စိတ်မကောင်းဘူး။ အဖေ့ ဘဝတစ်ခုလုံး ပတ္တမြားနဲ့အတူ ပါသွားပြီ၊ အဖေရဲ့ ပတ္တမြားကြီး ဆုံးရှုံး သွားပြီ၊ အဖေတို့မှာ ဘာမှ မရှိတော့ဘူး”

ဟု စိတ်ထိခိုက်စွာ ပြောဆိုနေလေ၏။ စောနောင်က ဖခင်၏ ပိန်လှီသော လက်ချောင်းများကို ပြန်လည်ဆုပ်ကိုင်၍

“ စိတ်မကောင်းစရာတွေကို မပြောပါနဲ့ အဖေရယ်၊ လောကမှာ ငွေဆိုတာ ပြန်ရှာလို့ရပါတယ်”

ဟု ပြောလိုက်ရာ ဖခင်ကြီးသည် စောနောင်၏ နှစ်သိမ့်ခြင်းကိုပင် လက်ခံနိုင်စွမ်း မရှိဘဲ ထိုနေ့ညမှာပင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားလေ၏။

ဖခင်ကြီးသည် ကွဲကွာနေသော သားဖြစ်သူ၏ မျက်နှာကို ပြန်လည်မြင်တွေ့ပြီးနောက် စိတ်လျော့လိုက်ဟန်ရှိ၏။

ဖခင်ကြီး၏ ဈာပနကို မြေချပြီးနောက် စောနောင်သည် ဘိလပ်သို့ ပြန်ပြီး ကျောင်း ဆက်တက်ရန် မဖြစ်နိုင်တော့ဘဲ ပညာ တစ်ပိုင်းတစ်စဖြစ်သွားလေ၏။

ထို့ကြောင့် ဘိလပ်သို့ မပြန်တော့ဘဲ ဖခင်ကြီး၏ အမွေကို ဆက်ခံ၍ မိုးကုန်၌ ကျောက်ကုန်သည် လုပ်ရန်သာ ရှိတော့၏။ စောနောင်သည် ဖခင်၏ ဥစ္စာများကို စစ်ဆေးကြည့်ရာ ဖခင်၏ ငွေများအားလုံး ဓါးပြတိုက်ခံရသော ပတ္တမြားကြီးနှင့်အတူ ပါသွားကြောင်း တွေ့ရ၏။

စောနှောင်သည် ဖခင်၏ ကျန်ရှိသော ငွေအနည်းငယ်ဖြင့် မိုးကုတ်မြို့၌ ကျောက်ကုန်သည် အလုပ်ကို လုပ်ကိုင်လေ၏။

သို့သော် ကျောက်ကုန်သည် အလုပ်ဖြင့် အကျိုးပေးမကောင်းဘဲ သာမန်မျှသာ နေထိုင်စား သောက်ရလေ၏။

***

တစ်နေ့သ၌ မိုးကုတ် ရူပီမိုင်း ကုမ္ပဏီသို့ ရန်ကုန်မြို့ ရူပီမိုင်း ရုံးချုပ်မှ မန်နေဂျာကြီး တစ်ဦး ရောက်ရှိလာ၏။ ရူပီမိုင်းကုမ္ပဏီသည် ဗြိတိသျှ ကုမ္ပဏီဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် ကျောက်မျက်ရတနာ ထွက်သော နိုင်ငံများ၌ တူးဖော်ရေး လုပ်ငန်းများ လုပ်ကိုင်လေ၏။

ထို့သို့ မန်နေဂျာ ရောက်ရှိနေချိန်၌ စောနောင်သည် မိမိ၌ ရှိသော နီလာအပိုင်းအစလေးများ ကို ရူပီမိုင်း၌ လာရောက်ရောင်းချနေလေ၏။

ရူပီမိုင်း ကုမ္ပဏီရှိ ကျောက်မျက်ရတနာ အကဲဖြတ်သူလူဝကြီးသည် စောနောင်၏ နီလာရိုင်းစများကို ဈေးနှိမ်ပြီး ဝယ်ယူနေသဖြင့် အကြိမ်ကြိမ် အဖန်ဖန်လာရောက်ဈေးဆစ် နေရသော အချိန်ဖြစ်သည်။

ထိုအချိန်၌ ရန်ကုန်မြို့ ရူပီမိုင်း ကုမ္ပဏီရုံးချုပ်မှ မန်နေဂျာကြီးရောက်လာသည် ဆိုသဖြင့် ကျောက်မျက်ရတနာ အကဲဖြတ်သူ လူဝကြီးသည် စောနောင်၏ နီလာရိုင်းများကို မကြည့်ဘဲ မန်နေဂျာကြီးကို ကြိုဆိုရန် အပြေးအလွှား ထွက်ခွာသွားလေ၏။

ခဏကြာလျှင် မန်နေဂျာကြီးနှင့် အရာရှိများသည် စောနောင်ရှိနေသော ရုံးခန်းအတွင်းသို့ ဝင်ရောက်လာလေ၏။ ရူပီမိုင်းရုံးမှ ဝန်ထမ်းများသည် မန်နေဂျာကြီးအား အသင့်ပြင်ထားသော ဆိုဖာကြီး၌ ထိုင်စေပြီး ရိုသေစွာ ညွှန့်ခံကြလေ၏။

မန်နေဂျာကြီးသည် ၎င်းထိုင်ရမည့် ဆိုဖာ၌ ဝင်ထိုင်လိုက်ပြီး အခန်းကို မျက်လုံးဝေ့ကြည့် လိုက်ရာ စားပွဲ၌ ထိုင်နေသော စောနောင်ကို မြင်တွေ့သွားလေ၏

။ ထိုအခါ မန်နေဂျာကြီးက

“ ခင်ဗျားတို့ရုံးမှာ ညွှဲ့သည်ရောက်နေတယ် ထင်တယ်၊ ပြီးမှ ကျုပ်နဲ့ ရုံးကိစ္စပြောမယ်၊ ညွှဲ့သည်ကိစ္စ အရင်ရှင်းလိုက်ပါ”

ဟု ပြောလိုက်လေ၏ ။ ထိုအခါ ကျောက်မျက်ရတနာ အကဲဖြတ်သူ လူဝကြီးသည် စောနောင်ဘက်သို့ ငဲ့စောင်းကြည့်၍ မျက်နှာကို ရှုံ့မဲ့ကာ

“ အလကားပါ ဆရာရယ် ၊ ဘာမှ မဟုတ်တဲ့ နီလာအရိုင်းစလေးတွေကို နေ့တိုင်းလာပြီး ဈေးဆစ်နေတာပါ၊ အရောင်တွေကလည်း စိမ်းပြာပြာနဲ့ ကြားရောင်တွေပါ။ ဒီလိုပဲ မိုးကုတ်က အသေးအမွှား ကျောက်ပွဲစားတွေက သူတို့ကျောက်ကို သိန်းကျောက် သောင်းကျော် ထင်ပြီး ဘဝင်မြင့်နေကြတာ ၊ ကျောက်ပညာကို အဆင့်တန်းမြင့်မြင့် နားမလည်တော့ ပြောရခက်တယ် ဆရာရေ ”

ဟု ရိုင်းပြသော စကားကို ဆိုလိုက်ရာ စောနောင်၏ ရင်ထဲတွင် မခံချင်စိတ်ကြောင့် ထောင်းခနဲ ဖြစ်သွားသည်။

အမှန်စင်စစ် စောနောင်သည် လန်ဒန်မြို့ရှိ ဗြိတိသျှအကယ်ဒမီ ကျောက်မျက်ရတနာ ကျောင်း၌ နောက်ဆုံးနှစ်အထိ ပညာသင်ကြားခဲ့သူဖြစ်၏ ။ ထို့အပြင် စောနောင်၏ ဖခင်သည် မိုးကုတ်၌ လူအများလေးစားရသော ကျောက်ကုန်သည်တစ်ဦးလည်း ဖြစ်၏ ။ စောနောင် ကိုယ်တိုင် လည်း မိုးကုတ်သားပီပီ ကျောက်မျက်ရတနာကို ကောင်းစွာ နားလည်တက်ကျွမ်း၏ ။

ထို့ကြောင့် လူဝကြီးကို ဒေါသတကြီး ကြည့်၍

“ ဒီမှာ လူဝကြီး ကျုပ်တို့က မိုးကုတ်သားစစ်စစ်တွေ ကျောက်အကြောင်းကို ကကြီးကအ အထိသိတယ်၊ ကျုပ်ရဲ့ ကျောက်ကို စိမ်းပြာပြာနဲ့ ကြားရောင်ရှိတဲ့ နီလာအရိုင်းစလေး ဟုတ်လား၊ ဒီလိုပြောလိုက်ကတည်းက ခင်ဗျားမှာ ကျောက်ပညာ ဗဟုသုတ နည်းတယ်ဆိုတာ သိပ်သိသွားပြီ၊ ကျုပ်ရဲ့ နီလာတွေက ရိုးရိုးနီလာတွေ မဟုတ်ဘူးဗျ၊ အရောင်ပြောင်းနိုင်တဲ့ နီလာတွေ၊

ကျုပ်ရဲ့ နီလာတွေက နေ့ခင်းဘက်မှာ စိမ်းပြာပြာရောင်ရှိပေမဲ့ ညဘက်မှာ ခရမ်းရောင် ပြောင်းနိုင်တဲ့ နီလာမျိုးဗျ၊ ဒီလိုနီလာမျိုးတွေကို ဘိလပ်မှာ လူကြိုက်သိပ်များတယ်၊ ခင်ဗျားဟာ ကျောက်အကဲ ဖြတ်ရာထူးနဲ့ မတန်ဘူး။ သိပ်ညံ့လွန်းတယ်”

ဟု ပြောလိုက်ရာ ကျောက်မျက်ရတနာ အကဲဖြတ်သူ လူဝကြီးက စောနောင်ကို ဒေါသတကြီး ကြည့်၍

“ ဘာကွ ၊ မင်းတို့လို ဘာမှမဟုတ်တဲ့ ကျောက်ပွဲစားတွေက ရူပီမိုင်းက ပညာရှင်တွေကို စောကားတယ်ပေါ့”

ဟု ပြောလိုက်လေ၏ ။

ထိုအခိုက်မှာပင် ရူပီမိုင်းသို့ ရောက်လာသော မန်နေဂျာကြီးက လက်ကာပြပြီး

“ နေပါဦး ဩော့သည် လာပြတဲ့ နီလာရိုင်းတွေကို ကျုပ်ကို ပြစမ်းပါဦး”

ဟု အမိန့်ပေးလိုက်ရာ လူကြီးသည် စောနောင်ကို မကျေမချမ်း ကြည့်၍ စားပွဲပေါ်မှ နီလာထုပ်ကို ဆက်ခနဲ ဆွဲယူသွား၏ ။ ပြီးနောက် ရူပီမိုင်း မန်နေဂျာကြီးရှေ့၌ ရိုသေစွာ ပေးအပ်လိုက်၏ ။

မန်နေဂျာကြီးသည် နီလာရိုင်းတစ်လုံးကို ကျောက်စစ်မီးနှင့် ထိုးကြည့်လိုက်ပြီး ခေါင်းညိတ်ကာ

“ သိပ်ကောင်းတဲ့ အရောင်းပြောင်းနီလာလေးပဲ၊ အပြစ်လဲကင်းတယ်၊ လုလဲ အလွန်လှတယ်၊ အချိန်ကလဲ အနည်းဆုံး ၉ ကာရက်လောက် ရှိမယ်၊ ဒီကျောက်ကို ဘယ်လောက် ပေးထားသလဲ”

ဟု လူဝကြီးဘက်လှည့်၍ မေးလိုက်၏ ။ လူဝကြီးက ၎င်းပေးသည့် ဈေးကို ပြောလိုက်ရာ မန်နေဂျာကြီးသည် လူဝကြီးကို အထင်းသေးဟန်ဖြင့်

ကြည့်ကာ

“ ဟော့ဒီက ပုဂ္ဂိုလ်ပြောတာ သိပ်မှန်တယ်၊ ခင်ဗျားဟာ ကျောက်အကဲခတ်ရာထူးနဲ့ မတန်ဘူး။ တကယ်တော့ ဒီကျောက်ဟာ ခင်ဗျားပေးတဲ့ ဈေးထက် ငါးဆလောက် ပိုတန်တယ်၊ သူပြောသလို အရောင်ပြောင်းတဲ့ နီလာအစစ်ပဲ၊ အရောင်ပြောင်းနီလာကို မျက်နှာဖြူ သခင်တွေ သိပ်သဘောကျတယ်၊ ဟောဒီပုဂ္ဂိုလ်ဟာ ကျောက်ပညာနဲ့ ပတ်သက်ရင် ခင်ဗျားထက် ပိုပြီးတော့ အများကြီး နားလည်တယ်”

ဟု ပြောပြီး စောနောင်ဘက်သို့ လှည့်ကာ

“ ကျုပ်တို့ ရူပီမိုင်းကုမ္ပဏီက ခပ်ညံ့ညံ့ အရာရှိအတွက် မိတ်ဆွေကို တောင်းပန်ပါတယ်။ ဒါနဲ့ မိတ်ဆွေရဲ့ ကျောက်အကဲခတ်ပညာ သိပ်ကောင်းတယ်၊ ကျောက်မျက်နဲ့ ပတ်သက်လို့ ဘယ်မှာ သင်ယူခဲ့တာလဲ”

ဟု ပြောလေ၏ ။ ထိုအခါ စောနောင်သည် ရူပီမိုင်းကုမ္ပဏီမှ မန်နေဂျာအား မိမိဘဝအမှန်ကို ပြောပြရန် ဆုံးဖြတ်လိုက်၏ ။

“ ကျုပ်က ကျောက်မျက်ရဲ့ပညာကို လန်ဒန်က ဗြိတိသျှအကယ်ဒမီ ကျောက်မျက်ရတနာ ကျောင်းမှာ နောက်ဆုံးနှစ်အထိ တက်ခဲ့ဖူးပါတယ်။ ကျုပ်ရဲ့ ဖခင်ကြီးဟာလဲ မိုးကုတ်မှာ ထင်ရှား တဲ့ ကျောက်မျက်ရတနာကုန်သည် တစ်ယောက်ပါ။ ဒါကြောင့် ငယ်စဉ်ကတည်းက ကျောက်မျက်နဲ့ ပတ်သက်လို့ တီးမိခေါက်မိရှိပါတယ်”

ဟု ပြောလိုက်လေ၏ ။ စောနောင်၏ စကားကြောင့် မန်နေဂျာကြီး မယုံနိုင်လောက်အောင် မျက်လုံးပြူးသွားပြီး

“ အိုး . . . လန်ဒန်က တော်ဝင်ရတနာကျောင်းမှာ နောက်ဆုံးနှစ် အထိတက်ခဲ့ပြီးမှ မိုးကုတ်က ကျောက်ကုန်သည်လေး လုပ်နေရသလား၊ မိတ်ဆွေရဲ့ အရည်အချင်းတွေကို နှမြောစရာကောင်းလိုက်တာ၊ မိတ်ဆွေကို ကျုပ်တို့

ရှုပီမိုင်းကုမ္ပဏီမှာ ဝင်ပြီး အလုပ်လုပ်စေချင် တယ်”

ဟု ပြောလေရာ စောနောင်က ခေါင်းညိတ်၍

“ ကျုပ်ကို အခုလို အရေးပေးပြီး ဖိတ်ခေါ်တာ ကျေးဇူးတင်ပါတယ်။ ရှုပီမိုင်းကုမ္ပဏီမှာ အလုပ်လုပ်ဖို့ စဉ်းစားပါမယ်။ ကျုပ်သင်ယူးထားတဲ့ ပညာတွေကို အကျိုးရှိတဲ့နေရာမှာ ပြန်ပြီး အသုံးချချင်တဲ့ စိတ်လည်း ရှိပါတယ်”

ဟု ပြောလေ၏ ။

ထိုအခါ ရှုပီမိုင်း၏ မန်နေဂျာကြီးက စောနောင်၏ နီလာရိုင်းများကို မူလ သတ်မှတ်ထားသော ဈေးနှုန်းထက် ငါးဆပိုပေးရန် အမိန့်ပေးလိုက်၏ ။

မန်နေဂျာကြီးသည် သူ၏ လိပ်စာကတ်ပြားကို စောနောင်ထံတွင် ပေးအပ်ပြီး ရှုပီမိုင်းတွင် အလုပ်လုပ်ရန် စည်းရုံးလေ၏ ။

စောနောင်သည် နီလာရိုင်းများကို ရောင်းချပြီးနောက် အိမ်သို့ ပြန်လာခဲ့၏ ။

စောနောင်၏ နားထဲတွင် ရှုပီမိုင်းမှ မန်နေဂျာကြီး ပြောသော စကားများကိုသာ ကြားယောင် နေမိ၏ ။

စောနောင်၏ အရည်အချင်းများကိုကျောက်ကုန်းသည်ဘဝ၌ မြှုပ်နှံထားခြင်းကို နှမြောစရာ ကောင်းသည်ဟု ဆို၏ ။

ကျောက်ကုန်သည်အလုပ်သည် အကျိုးပေးကောင်းပါက သိန်းကျောက်၊ သောင်းကျောက် ကို ရရှိပြီး ချမ်းသာကြွယ်ဝနိုင်၏ ။ ထိုသို့ ကြွယ်ဝချမ်းသာရန် ကံအကျိုးပေးကောင်းဖို့ လို၏ ။

ထိုသို့ ကံအကျိုးပေးကောင်းရန်လည်း ငွေရင်းများများ ထားပြီး ကျောက်များ ဝယ်ယူဖို့လို၏ ။

စောနောင်သည် ဖခင်ကြီးမရှိသည့်နောက်ပိုင်း နည်းပါးလှသော

အရင်းအနှီးကလေးဖြင့် ကျောက်ကုန်သည်အလုပ်ကို လုပ်ကိုင်နေရ၏။

ထိုသို့လုပ်ကိုင်ရာ၌ အခက်အခဲပေါင်းများစွာကို ကြုံတွေ့နေရ၏။

စောနောင်သည် ဘ၀ကို အပြန်ပြန်အလှန်လှန် စဉ်းစားဆင်ခြင်ပြီးနောက် ရူးပီမိုင်းကုမ္ပဏီ၌ အလုပ်ဝင်ရန် ဆုံးဖြတ်လိုက်လေ၏။

ဤသို့ဖြင့် မိုးကုတ်မြို့ကို ကျောခိုင်းပြီး ရန်ကုန်ရူပီမိုင်းရုံးသို့ ရောက်ခဲ့လေ၏။

ရူပီမိုင်းသို့ရောက်သောအခါ မန်နေဂျာကြီးရှိရာ ရုံးခန်းထဲသို့ ဦးတည်ပြီး ဝင်ရောက် သွားလေ၏။

မန်နေဂျာကြီး ဦးအောင်ဘဇံသည် စောနောင်ကို မြင်သောအခါ ထိုင်ရာမှထ၍ လက်ဆွဲ နှုတ်ဆက်ပြီး

“ ကြိုဆိုပါတယ်ဗျာ ၊ ဘုရင့်အကယ်ဒမီကျောင်းက ကျောက်မျတ်ပညာရှင်ဟာ ရူပီမိုင်းနဲ့ အသင့်တော်ဆုံးပါပဲ။ ရူပီမိုင်းမှာ အကောင်းဆုံးရာထူးကို ရဖို့ ကျုပ်တာဝန်ယူပါတယ်”

ဟု ဆိုကာ စောနောင်အား ရန်ကုန်မြို့၌ သုံးရက်စောင့်ဆိုင်းနေစေ၏။ သုံးရက်ပြည့် မြောက်သောနေ့၌ ရူပီမိုင်းသို့ စောနောင်သွားရာ မန်နေဂျာကြီး ဦးအောင်ဘဇံက စောနောင်၏ လက်ထဲသို့ စာအိတ်တစ်အိတ် ကမ်းပေး၏။ စောနောင်က အိတ်ကို ဖွင့်ကြည့်လိုက်ရာ -

“ ဦးစောနောင် - ပထမဆင့်ကျောက်မျတ်အကဲခတ်ပညာရှင်”

ဟု တွေ့လိုက်ရာ စောနောင်၏ မျက်လုံးများပြူးကျယ်သွားပြီး

“ ပထမဆင့် ကျောက်မျက်အကဲခတ်ပညာရှင်ဆိုတာ ကျုပ်ရဲ့ရာထူးက အတော်မြင့်တာပဲ”

ဟု ပြောလိုက်၏။ မန်နေဂျာကြီး ဦးအောင်ဘဇံက ခေါင်းညိတ်၍ -

“ သိပ်ဟုတ်တာပေါ့ မောင်ရင်ရဲ့လက်အောက်မှာ ဒုတိယအဆင့်နဲ့ တတိယအဆင့် ကျောက်မျက်ပညာရှင်တွေရှိသေးတယ်။ မောင်ရင့်လို ရာထူးမျိုး ရူပီမိုင်းမှာ နှစ်ယောက်ပဲ ရှိတယ်”

ဟု ပြောလေ၏ ။ စောနောင်သည် ဤကဲ့သို့ ရူပီမိုင်း၌ မြင့်မားသော ရာထူးမျိုးရရှိအောင် မန်နေဂျာကြီး၏ တိုက်တွန်းမှုပါမည်ကို ရိပ်စားမိ၏ ။

ထို့ကြောင့် မန်နေဂျာကြီးကို ကျေးဇူးအထူးတင်ကြောင်း ပြောဆိုခဲ့၏ ။

ထိုအခါ မန်နေဂျာကြီးက ခေါင်းခါယမ်း၍ -

“ ကျုပ်ကို ကျေးဇူးတင်စရာမလိုပါဘူး။ မောင်ရင်ရဲ့ ပညာအရည်အချင်းနဲ့ ကျောက်အကဲခတ်ပညာကြောင့် ဒီလို ရာထူးမျိုးကို ရတာ ပါ။ ရူပီမိုင်းက ပေးတဲ့တာဝန်ကိုသာ ကျေပွန်အောင် ထမ်းဆောင်ပါ”

ဟု ပြောလေ၏ ။

ရူပီမိုင်းသည် ထင်မှတ်ထားသည်ထက်ပင် စောနောင်အတွက် ပိုမိုကောင်းမွန်ခဲ့၏ ။

ရူပီမိုင်း ပိုင်ဆိုင်သော အလုံဘက်ရှိ တိုက်ခန်းများ၌ စောနောင်နှင့် အရာရှိအချို့ နေထိုင်ရလေ၏ ။

စောနောင်တို့ ရုံးတက်နိုင်ရန်လည်း ရူပီမိုင်း ဘက်စ်ကားဖြင့် ကြိုပို့ပေးလေ၏ ။

စောနောင်သည် မိုးကုတ်သားတစ်ဦး ဖြစ်သည့်အပြင် လန်ဒန်၌ ပညာသင်ယူခဲ့သူ ဖြစ်သဖြင့် အလုပ်တာဝန်များကို ကြိုးစားလုပ်ဆောင်လေ၏ ။

ရူပီမိုင်း၌ စောနောင်တာဝန်မှာ တတိယအဆင့်နှင့် ဒုတိယအဆင့် ကျောက်မျက်ပညာရှင် များ အကဲဖြတ်ထားသော ကျောက်များကို ပြန်လည်စစ်ဆေးရန် ဖြစ်၏ ။

ရူပီမိုင်း၌ စောနောင်ကဲ့သို့ တာဝန်ထမ်းဆောင်ရသူ ပထမဆင့် ကျောက်မျက်ပညာရှင် တစ်ဦးရှိ၏။ ထိုသူမှာ ကိုလှိုင်ဘွား ဆိုသူဖြစ်ပြီး ကိုလှိုင်ဘွားသည် နိုင်ငံရပ်ခြားမှ ကျောက်မျက် ပညာ သင်ယူခဲ့သူဖြစ်၏။

စောနောင်သည် ရူပီမိုင်းသို့ ရောက်သည့်အချိန်မှစ၍ အလုပ်တာဝန်များကို ကြိုးစား ပမ်းစား လုပ်ဆောင်လေရာ တစ်နှစ်အတွင်း မျက်နှာဖြူအရာရှိကြီးများ၏ ချီးမွမ်းခြင်းကို ခံရလေ၏။

စောနောင်အား ရူပီမိုင်းသို့ ခေါ်ယူခဲ့သော မန်နေဂျာကြီး ဦးအောင်ဘဇံမှာလည်း မျက်နှာကောင်းရလေ၏။

ဦးအောင်ဘဇံသည် စောနောင်အား မကြာခဏခေါ်ယူ၍ ချီးမွမ်းစကားပြောတတ်၏။

ရူပီမိုင်းနှင့် ပတ်သက်သည့် သိသင့်သိထိုက်သည့် အချက်များကိုလည်း သင်ပြပေးလေ၏။

ဤသို့ဖြင့် စောနောင်သည် ရူပီမိုင်း၌ အလုပ်ဝင်ခဲ့ပြီး နှစ်နှစ်ကျော်သောအခါ စောနောင်၏ အိမ်ထောင်ဖက် မိန်းကလေး မနန်းသူနှင့် တွေ့ဆုံခဲ၏။

မနန်းသူသည် ရူပီမိုင်းကုမ္ပဏီ၏ ကျောက်မျက်မှတ်တမ်းဌာန၌ အလုပ်လုပ်လေ၏။

စောနောင်နှင့် မနန်းသူသည် တစ်ဦးနှင့်တစ်ဦး ရင်းနှီးကျွမ်းဝင်ရာမှ ချစ်သူဘဝသို့ ရောက်ခဲ့ ၏။

စောနောင်တို့သည် ချစ်သူဘဝနှင့် တစ်နှစ်ကျော်ခန့် နေထိုင်ပြီး လက်ထပ်ခဲ့လေ၏။

စောနောင်နှင့် မနန်းသူသည် နှစ်ယောက်စလုံး တစ်ကောင်ကြွက်ကဲ့သို့

ဖြစ်နေသဖြင့် အေးချမ်းစွာ လက်ထပ်နိုင်ခဲ့၏။

စောနောင်သည် မနန်းသူနှင့် လက်ထပ်ပြီးနောက် ရှုပီမိုင်းကုမ္ပဏီ၏ တိုက်ခန်း၌ ဆက်လက် မနေလိုသဖြင့် စောနောင်၏ ပတ္တမြားလက်စွပ်ကို ရောင်းလိုက်ပြီး ကြည့်မြင့်တိုင်ဘက်၌ တိုက်ခံပျဉ်ထောင်အိမ်လေးတစ်လုံးကို ဝယ်ယူလိုက်၏။

ထိုအိမ်လေး၌ ခြံကလေးလည်း ပါသဖြင့် ပန်းစိုက်ဝါသနာပါသော မနန်းသူသည် နှင်းဆီးပန်းများကို တစ်ခြံလုံးစိုက်ပျိုးလေ၏။

ထို့ကြောင့် စောနောင်တို့ အိမ်ကလေးကို နှင်းဆီမြိုင် ဟူ၍ အမည်ပေးလိုက်လေ၏။

***

စောနောင်တို့ ဇနီးမောင်နှံသည် ကုမ္ပဏီတစ်ခုတည်း၌ အတူတူလုပ်ကိုင်ကြသဖြင့် အားလပ်သည့်အချိန်များ၌ တစ်ဦးနှင့်တစ်ဦး အလုပ်ကိစ္စများကို တိုင်ပင်ဆွေးနွေးလေ့ရှိ၏။

ထိုသို့ တိုင်ပင်ဆွေးနွေးနိုင်သည့်အတွက် စောနောင်တို့ ဇနီးမောင်နှံအတွက် ပျင်းရိငြီးငွေ့ ချိန် မရှိချေ။

တစ်နေ့သည်၌ စောနောင်တို့ ဇနီးမောင်နှံသည် အားလပ်ရက်ဖြစ်သဖြင့် အိမ်၌ ဆီထမင်းနှင့် ငါးကြော်များကို ပြုလုပ်စားသောက်ကြ၏။ မနန်းသူက ငါးကြော်ကို တကျွတ်ကျွတ်ဝါး၍

“ မိုးကုတ်က ပတ္တမြားတွေ အရင်ထက်စာရင် အများကြီးအထွက်လျော့သွားတယ်။ ကျွန်မတို့ လူသားတွေ တူးလွန်းလို့ သဘာဝ အရင်းအမြစ်တွေ တဖြည်းဖြည်း ရှားပြားကုန်ပြီ”

ဟု ပြောလေရာ စောနောင်က မျက်မှောင်ကြုတ်၍

“ နန်းက ဘာဖြစ်လို့ ဒီလို ပြောနိုင်တာလဲ”

ဟု မေးမြန်းလိုက်၏။ ထိုအခါ မနန်းသူက

“ ကျွန်မက စာရင်းတွေ ကြည့်ပြီး ပြောတာပါ၊ အစ်ကို မယုံရင် ကျွန်မနဲ့ နှစ်ချုပ် စာရင်းတွေကို ကြည့်လေ၊ ကျွန်မလည်း မိုးကုတ်သူဆိုတော့ မိုးကုတ်ပတ္တမြားအထွက်ကို ကောင်းကောင်း သိပါတယ်”

ဟု ဆိုကာ သူမ၏ နှစ်ချုပ်စာရင်းစာရွက်များကို စားပွဲပေါ်မှ ယူ၍

ပြလေ၏ ။

စောနောင်သည် ဆီထမင်းစားရင်း သူမ၏ နှစ်ချုပ်စာရင်းများကို ကြည့်၍ မျက်မှောင်ကြုတ် လိုက်ပြီး

“ မိုးကုတ်ပတ္တမြားတွေ လျော့ရုံတင်မကဘူး။ ကာရက်ချိန်တွေလည်း လျော့ကျနေသလို ခံစားရတယ်။ ရူပီမိုင်းကုမ္ပဏီက တူးဆွလွန်းလို့ ငါတို့မိုးကုတ်က ပတ္တမြားတွေ ရှားပါး ကုန်ပြီနဲ့ တူတယ်။ မန်နေဂျာကြီး ဦးအောင်ဘဇံနဲ့ တွေ့မှာ ဆွေးနွေးကြည့်ရမယ်”

ဟု ပြောလိုက်လေ၏ ။

စောနောင်သည် ရူပီမိုင်းကုမ္ပဏီ၌ ကျေးဇူးရှင်ဖြစ်သော မန်နေဂျာကြီးဦးအောင်ဘဇံနှင့် ဆုံသောအခါ မိုးကုတ်ပတ္တမြားများ ရှားပါးသွားခြင်းကို ပြောပြလေ၏ ။ ထိုအခါ ဦးအောင်ဘဇံက

“ မောင်ရင့်အတွက် ဘာမှ ခေါင်းရှုပ်ခံပြီး မစဉ်းစားနေပါနဲ့၊ မိုးကုတ်ကျောက်တွေ ရှားပါးကုန်တာ ကြာပါပြီ၊ သဘာဝ အရင်းအမြစ်တွေကို လူတွေ ထုတ်ယူသုံးစွဲတာ များပြီလေ၊ သဘာဝ ကို လွန်ဆန်လို့ ဘယ်ရမလဲကွာ”

ဟု ပြောလေ၏ ။ စောနောင်သည် မန်နေဂျာကြီးထံမှ ပြန်လာပြီးနောက် မိုးကုတ်သားပီပီ မိုးကုတ်ကျောက်များ ရှားပါးသွားခြင်းကို စိတ်မကောင်းသလို ခံစားရ၏ ။

စောနောင်သည် ကျောက်ကုန်သည်အဖြစ် တစ်ကိုယ်တော် လုပ်ကိုင်စဉ်က ကျောက်မျက် ရှားပြားသွားခြင်းကို ရိပ်စားမိခြင်းမရှိချေ။ ယခု ရူပီမိုင်းကုမ္ပဏီမှ စာရင်းဇယားများကို ကြည့်ရှုပြီးနောက် အမှန်တရားကို သိမြင်သွားခဲ့၏ ။

စောနောင်သည် ထိုအချိန်မှစ၍ ရူပီမိုင်းကုမ္ပဏီကြီး၌ လုပ်ကိုင်ရခြင်းကို

ပျော်ရွှင်ခြင်း မရှိတော့ချေ။

ဗြိတိသျှပိုင် ရူပီမိုင်းကုမ္ပဏီကြီးသည် စောနောင်တို့ မြန်မာပြည်ရှိ အဖိုးတန်တွင်းထွက်များ ကို အမြတ်ထုတ် သွေးစုတ်နေသည်ဟု ခံစားရ၏ ။

ထို့ကြောင့် ရူပီမိုင်း၏ အလုပ်များကိုလည်း ယခင်ကဲ့သို့ တက်တက်ကြွကြွ လုပ်ကိုင်ခြင်း မရှိတော့ချေ။ စောနောင်သည် ရူပီမိုင်းမှ ထွက်ပြီး မိုးကုတ်သို့ပြန်ရန်ပင် စိတ်ကူးမိလေ၏ ။

သို့သော် စောနောင်သည် လူပျိုလူလွတ် တစ်ယောက် မဟုတ်တော့ဘဲ ဇနီးမယားရှိနေပြီ ဖြစ်သဖြင့် စိတ်သွားတိုင်း ကိုယ်ပါခြင်း မရှိတော့ချေ။

စောနောင် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်နေဟန်ကို ကြည့်၍ မနန်းသူက

“ ရူပီမိုင်းကို ဒီလောက် စိတ်မပျက်ပါနဲ့ အစ်ကိုရယ်၊ ကျွန်မတို့ တိုင်းရင်းသားတွေလဲ တူးဖော်နေတာပဲ။ တစ်နေ့နေ့မှာ တွင်းထွက်တွေ ကုန်ဆုံးသွားမှာပဲ။ သင်္ချိုင်းတရားကို လွန်ဆန်လို့ ရမှာလား၊ အစ်ကို့ ကို ဝမ်းသာစရာတစ်ခု ပြောရဦးမယ်၊ မိုးကုတ်ပတ္တမြားတွေ ရှားပါးနေပေမယ့် မိုးကုတ်က နီလာတွေကတော့ အရင်လိုပဲ မှန်မှန်တူးဖော်လို့ ရတယ်။ ကျွန်မရဲ့ စာရင်းဇယားတွေ မှာ လျော့နည်းသွားတာ မရှိဘူး။ နီလာတွေကို အစ်ကိုပဲ အမြဲတမ်းအကဲဖြတ်ပေးနေတာပဲ မဟုတ်လား၊ ပတ္တမြားတွေကိုတော့ ကိုလှိုင်ဘားတို့ဘက်က စစ်ဆေးနေတာပဲ”

ဟု ပြောလေ၏ ။

ရူပီမိုင်းကုမ္ပဏီ၌ ပထမတန်း အကဲဖြတ် ပညာရှင်နှစ်ဦးရှိလေရာ စောနောင်က နီလာနှင့် အခြားတွင်းထွက်များကို အကဲဖြတ်ရပြီး ကိုလှိုင်ဘွား ဦးဆောင်သော အဖွဲ့က ပတ္တမြားနှင့် အခြား တွင်းထွက်များကို စစ်ဆေးရလေ၏ ။

မိုးကုတ်၌ ထွက်ရှိသော ကျောက်မျက်အမျိုးပေါင်း(၃၄) မျိုးရှိ၏ ။

ထိုကျောက်မျက်အမျိုးပေါင်းများစွာမှ ရူပီမိုင်း ကုမ္ပဏီသည် ဈေးကွက်ဝင် ကျောက်များ အားလုံးကို အဓိကထား၍ တူးဖော်ဝယ်ယူ၏ ။

ရူပီမိုင်း၌ အကဲဖြတ်အဖွဲ့နှစ်ဖွဲ့ရှိလေရာ စောနောင်တို့ အဖွဲ့က အကဲဖြတ်သော နီလာရိုင်းများ၏ အထွက်မှာ လျော့နည်းခြင်းမရှိဘဲ ကိုလှိုင်ဘွားတို့ အုပ်စုမှ အကဲဖြတ်သော ပတ္တမြားအထွက်မှာ လျော့နည်းနေလေ၏ ။

စောနောင်သည် ရူပီမိုင်း၌ အလုပ်လုပ်နေရခြင်းကို စိတ်ပျက်နေရာမှ အတော်အတန် စိတ်သက်သာရာရသွားလေ၏ ။

သို့သော် ရူပီမိုင်းကုမ္ပဏီသည် မိမိတို့နိုင်ငံ၏ တွင်းထွက်များကို ကုန်ခမ်းအောင် လုပ်နေသည်ဟူသော အတွေးကြောင့် ထိုအလုပ်၌ တက်ကြွခြင်း မရှိတော့ချေ။

စောနောင်သည် ပတ္တမြားများ ရှားပါးသွားခြင်းနှင့် ပတ်သက်၍ ကျောက်မျက်အကဲခတ် ပညာရှင် ကိုလှိုင်ဘွားနှင့် ဆွေးနွေးရန် ဆုံးဖြတ်လိုက်၏ ။

***

တစ်နေ့သ၌ စောနောင်သည် ကိုလှိုင်ဘွားတို့ ပတ္တမြားဌာနသို့ သွားရောက်ပြီး ပတ္တမြားများ ရှားပါးနေခြင်းအကြောင်းကို ဆွေးနွေးလေရာ ကိုလှိုင်ဘွားက ထိုကိစ္စကို အရေးမထားဟန်ဖြင့်

" ကျောက်တွင်းဆိုတာ မကုန်ခမ်းနိုင်တဲ့အရာမှမဟုတ်တာဗျာ၊ တူးဖော်နေရင်တော့ ကုန်မှာပဲ၊ ပတ္တမြားတွေ ရှားလာတာ ကျုပ်လည်း သတိထားမိပါတယ်။ ဒါတွေက ကျုပ်တို့အလုပ် မဟုတ်ဘူး။ ကျုပ်အလုပ်က ကုမ္ပဏီက တူးဖော်တဲ့ ပစ္စည်းတွေကို အကဲဖြတ်ပေးဖို့ပဲ၊ ခင်ဗျားလည်း ကိုယ်နဲ့ မဆိုင်တဲ့ကိစ္စတွေမှာ ခေါင်းရှုပ်မခံပါနဲ့ဗျာ "

ဟု ပြောလေရာ စောနောင်သည် ကိုလှိုင်ဘွား၏ စကားကို ဘဝင်မကျနိုင်ဘဲ

" ပတ္တမြားဆိုတာ ကျုပ်တို့ မိုးကုတ်ရဲ့ အဖိုးမဖြတ်နိုင်တဲ့ တွင်းထွက်ရတနာဗျ၊ ဒီလို မဟားတရားတူးဖော်နေရင် မိုးကုတ်က ကျောက်တွေ ကုန်တော့မှာပေ့ါ"

ဟု ပြောလိုက်လေ၏ ။ ကိုလှိုင်ဘွားက စောနောင်ကို ကြည့်၍ ရယ်မောရင်း

" ဟား . . . ဟား . . . ဟား . . . ခင်ဗျား ဘာတွေ အတွေးခေါင်နေတာလဲ၊ ရူပီမိုင်းကုမ္ပဏီ ရဲ့ ရည်ရွယ်ချက်ကိုက မိုးကုတ်က ကျောက်တွေကို ရသထက်ရအောင် တူးဖော်ဖို့ပဲ မဟုတ်လား၊ ခင်းဗျားရဲ့ တာဝန်က ကျောက်ကို အကဲဖြတ်ပေးဖို့ပဲ၊ ကျောက်မျက်တွေ ရှားပါးတာ ခင်ဗျား မလုပ် မဟုတ်ဘူး။

ကျုပ်ကတော့ ခေါင်းထဲမှာ လုံးဝမထားဘူး”

ဟု ပြောလေ၏။

စောနောင်သည် မိုးကုတ်သားမဟုတ်သော ကိုလှိုင်ဘွားကို မည်သည့်စကားမျှ မဆိုတော့ဘဲ ကျောခိုင်းထွက်ခွာလာခဲ့လေ၏။

ကိုလှိုင်ဘွားကဲ့သို့ တစ်ကိုယ်ကောင်းသမား တစ်ယောက်နှင့် စကားမပြောလိုတော့ချေ။

စောနောင်သည် ကိုလှိုင်ဘွား စစ်ဆေးသော ပတ္တမြားများကို ကိုင်တိုင်စစ်ဆေးလိုသော ဆန္ဒများ ဖြစ်ပေါ်လာ၏။

ထို့ကြောင့် မန်နေဂျာကြီး ဦးအောင်ဘဇံအား မိမိ၏ ဆန္ဒကို ပြောပြလေ၏။ ဦးအောင်ဘဇံက ခေါင်းခါယမ်း၍

“ မောင်ရင်က မိုးကုတ်သားပီပီ မိုးကုတ်ပတ္တမြားအကြောင်းကို မမေ့နိုင်သေးဘူး။ ကျုပ် အကောင်းဆုံး အကြံပေးချင်တာက ပတ္တမြားတွေ ရှားပါးနေတဲ့အကြောင်းကို မောင်ရင့်ခေါင်းထဲက ထုတ်ပစ်လိုက်ပါ၊ ဒီလိုမထုတ်နိုင်ရင် မောင်ရင် ရှေ့ဆက်ပြီး အလုပ်လုပ်နိုင်မှာ မဟုတ်ဘူး”

ဟု ပြောလေ၏။

စောနောင်သည် မိမိ၏ ဆန္ဒကို လွယ်လွယ်နှင့် လက်မလျှော့သေးဘဲ

“ ကျုပ်နဲ့ ကိုလှိုင်ဘွားကို ဌာနချင်း ခဏလောက်လဲလှယ်ပေးလို့ မရဘူးလား”

ဟု မေးမြန်းလေ၏။

ဦးအောင်ဘဇံက ခေါင်းခါယမ်း၍

“ ကျုပ်မှာ ဒီလိုလုပ်ပေးနိုင်တဲ့ အခွင့်အာဏာ မရှိဘူး။ မန်နေဂျာချုပ်

မစ္စတာ ကင်းဘဲလ် လုပ်ပေးမှ ဖြစ်နိုင်မယ်၊ မောင်ရင် ဘာလို့ ခေါင်းမာနေတာလဲ”

ဟု ပြောလေ၏။ စောနောင်က မန်နေဂျာကြီးကို ကြည့်၍

“ ကျုပ်က မိုးကုတ်သား၊ ပတ္တမြားကို ချစ်တယ်၊ ကျုပ်ရဲ့ ခံစားချက်ကို မန်နေဂျာကြီး နားမလည်နိုင်သေးဘူး။ မစ္စတာ ကင်းဘဲလ်နဲ့တွေ့ပြီး ဆွေးနွေးကြည့်မယ်”

ဟု ပြောကာ မန်နေဂျာကြီးထံမှ ထွက်ခဲ့ပြန်၏။

စောနောင်သည် မန်နေဂျာချုပ် မစ္စတာကင်းဘဲလ်နှင့် အမြန်ဆုံးတွေ့ဆုံရန် ကြိုးစားပြန်၏။

မန်နေဂျာချုပ် ကင်းဘဲလ်သည် ကန်တော်ကြီးစောင်းရှိ အလွန်ခမ်းနားကြီးကျယ်သည့် အိမ်ကြီး၌ နေထိုင်လေ၏။

စောနောင်သည် မစ္စတာ ကင်းဘဲလ်၏ ခြံကြီးကို သွား၍ တွေ့ဆုံလေရာ ကင်းဘဲလ်သည် ခြံထဲရှိ တင်းနစ်ကွင်း၌ စောနောင်ကို လက်ခံတွေ့ဆုံလေ၏။ ကင်းဘဲလ်သည် စောနောင်၏ ဆန္ဒကို စိတ်ဝင်တစားနားထောင်၍

“ ခင်ဗျားရဲ့ ဆန္ဒကို ကျုပ်စိတ်ဝင်စားတယ်၊ ဒါပေမဲ့ ကျုပ်ကို အလွတ်သဘောပြောဖို့ထက် တရားဝင် စာရေးပြီး တင်ပါ၊ ခင်ဗျားကို ပတ္တမြားဌာန နဲ့ နီလာဌာနကို ကျုပ်လဲလှယ်ပေးမယ်၊ ဒါပေမဲ့ ဒီကိစ္စကို မောင်ရင် အချိန်ယူ စဉ်းစားပါ၊ ဌာနအတွက် အခက်အခဲတွေ အများကြီး ရှိတယ်”

ဟု ပြောလေရာ စောနောင်သည် မစ္စတာကင်းဘဲလ်ကို ကျေးဇူးတင်ကြောင်းပြော၍ အိမ်သို့ ဝမ်းသာအားရ ပြန်ခဲ့လေ၏။

စောနောင်သည် မစ္စတာကင်းဘဲလ်ထံသို့ တရားဝင် စာရေးပြီး တင်ရန် ပြင်ဆင်နေလေ၏။

ပတ္တမြားဌာနသို့ ပြောင်းရွှေ့ခံရလျှင် မိုးကုတ်ပတ္တမြားများ

ရှားပါးမှုနှင့်ပတ်သက်၍ သေသေချာချာ လေ့လာရပေမည်။

***